**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော**
**တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ**
**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ ဦးဆောင်မှုကော်မတီ (PPST-LC)၏**

**မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ဖွဲ့စည်းတည်ထောင်ခြင်း**
**(၃၄)နှစ်ပြည့် အခမ်းအနားသို့ ပေးပို့သည့်**

# ဂုဏ်ပြုသဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်**

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်မှု အရေးတော်ပုံကြီး ဖြိုခွင်းခံရပြီး နောက် ထောင်ပေါင်းများစွာသော ကျောင်းသားလူငယ်များ၊ လယ်သမား၊ အလုပ်သမားများသည် မြန်မာနိုင်ငံ နယ်စပ်ဒေသများသို့ ထွက်ခွာလာခဲ့ကြကာ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (All Burma Students' Democratic Front- ABSDF) ကို ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ကော်သူးလေ ပြည်နယ်၊ ကော်မူးရာ စခန်းတွင် NDF ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် ABSDF ဖွဲ့စည်းတည်ထောင်သည့် (၃၄) နှစ်ပြည့် အခါသမယသို့ တိုင်ခဲ့ပြီဖြစ် သောကြောင့် မိမိတို့ PPST ဦးဆောင်မှုကော်မတီ အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဤသဝဏ်လွှာ ကို ပေးပို့ အပ်ပါသည်။

သမိုင်းဝင် ရှစ်လေးလုံးအရေးတော်ပုံကြီးမှ မွေးဖွားလာခဲ့သည့် ABSDF သည် တိုင်းပြည်၏ ဒီမိုကရေစီ နှင့် လူ့အခွင့်အရေး၊ အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးတို့အတွက် စိတ်ဓာတ်ခိုင်ကျည်စွာဖြင့် မဆုတ်မနစ် ကြိုးပမ်းခဲ့၊ ကြိုးပမ်းနေဆဲ ဖြစ်သည်ကို သမိုင်းက သက်သေခံလျက်ရှိပေသည်။ ABSDF သည် ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန် ရေးအဖွဲ့အစည်းများနှင့်အတူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် PPST အဖွဲ့ဝင်အဖြစ် တတပ်တအား ပါဝင်ဆောင်ရွက်မှုကို PPST ဦးဆောင်မှုကော် မတီက မှတ်တမ်းတင်ပါသည်။

ABSDF အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ သက်ဆိုင်သူအားလုံး ပါဝင် သည့် အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးနှင့် အရပ်သားများကို အကာအကွယ်ပေး ရေး စသည့်မူများအပေါ် ခိုင်မာစွာရပ်တည်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ဘဝတူညီနောင်မဟာမိတ် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့်လက်တွဲပြီး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါ ကြောင်း ဖော်ပြရင်း ဤဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**PPST ဦးဆောင်မှုကော်မတီ**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)**